အမေရိကန်ပြည်ထောင်စု တရားရေးဌာန
နိုင်ငံသားအခွင့်အရေးဌာန

အမေရိကန်ပြည်ထောင်စု ပညာရေးဌာန
နိုင်ငံသားအခွင့်အရေးရုံး

# COVID-19 နှင့်သက်ဆိုင်သော စော်ကားနှောင့်ယှက်မှုကို ကျောင်းများတွင် ရင်ဆိုင်ခြင်း

## မိသားစုများအတွက် အရင်းအမြစ်တစ်ခု

ကိုရိုနာဗိုင်းရပ် (COVID-19) နှင့် ပတ်သက်၍ အခြေအမြစ်မရှိသည့် ကြောက်ရွံ့မှုများမှ ပေါ်ပေါက်လာသော စော်ကားနှောင့်ယှက်မှုနှင့် အခြား တဖက်သတ် ခွဲခြားဆက်ဆံမှုများသည် မှားယွင်းပြီး ကျောင်းသားများနှင့် ယင်းတို့မိသားစုများအပေါ် ဆိုးကျိုးများ သက်ရောက်နိုင်သည်။

ကပ်ရောဂါကာလအတွင်း အာရှ-အမေရိကန်နှင့် ပစိဖိတ်ကျွန်းသား (AAPI) လူမှုအသိုင်းအဝိုင်းများအကြောင်း မှားယွင်းသော သတင်းအချက်အလက်နှင့် အန္တရာယ်ရှိသော ထုတ်ပြန်ချက်များကြောင့် နှုတ်ဖြင့်နှောင့်ယှက်ခြင်းမှသည် အကြမ်းဖက်မှုများအထိ လက်မခံနိုင်သည့်လုပ်ရပ်များ တစ်နိုင်ငံလုံးတွင် တိုးပွားစေခဲ့သည်။ နိုင်ငံတစ်ဝှမ်းရှိ ကျောင်းများတွင် AAPI ကျောင်းသားများသည် သူတို့၏ မျိုးနွယ်စု၊ မျိုးရိုးနှင့် ဘာသာစကားအပါအဝင် သူတို့၏ လူမျိုး သို့မဟုတ် နိုင်ငံသားဇာစ်မြစ်ကြောင့် အတန်းဖော်များ၏ အနိုင်ကျင့်မှုနှင့် အနှောင့်အယှက်ပေးမှုတို့ကို တိုင်ကြားခဲ့ကြသည်

အများပြည်သူဆိုင်ရာ မူလတန်းနှင့် အလယ်တန်းကျောင်းများအပြင် ကောလိပ်များနှင့် တက္ကသိုလ်များတွင် ကျောင်းသားများ၏ လူမျိုးသို့မဟုတ် နိုင်ငံသားဇာစ်မြစ်ကို ပစ်မှတ်ထားပြီး နှောင့်ယှက်ခြင်းအပါအဝင် လူမျိုးရေးခွဲခြားဆက်ဆံခြင်းကို စုံစမ်းစစ်ဆေးရန်နှင့် ကိုင်တွယ်ရန် တာဝန်ရှိသည်။ ကျောင်းများသည် သင့်လျော်သောအဆင့်များကို မပြုလုပ်နိုင်လျှင် ယူအက်စ်တရားရေးဌာနရှိ နိုင်ငံသားအခွင့်အရေးဌာနခွဲ (CRT)၏ ပညာရေးအခွင့်အလမ်းများဌာနနှင့် ယူအက်စ်ပညာရေးဌာနရှိ နိုင်ငံသားအခွင့်အရေးရုံး (OCR) သည် ကျောင်းသားများကို ခွဲခြားဆက်ဆံမှုမှ ကာကွယ်ရန် ဖက်ဒရယ်ဥပဒေများကို ပြဋ္ဌာန်းခြင်းဖြင့် ကူညီနိုင်သည်။

## CRT နှင့် OCR တို့မှ စုံစမ်းစစ်ဆေးနိုင်သည့် ဥပမာ အဖြစ်အပျက်များ

အလယ်တန်းကျောင်းသားများက အာရှ-အမေရိကန် အတန်းဖော်များကို “ဗိုင်းရပ်စ်ပိုး ဖြန့်တဲ့သူတွေ!" ဆိုပြီး အော်ဟစ်တာကို စာသင်ခန်းထဲ စာသင်ချိန်တွင် သူတို့ကိုယ်တိုင် မှတ်တမ်းတင်ပြီး လူမှုမီဒီယာပေါ်တွင် ဗီဒီယိုများ တင်ခဲ့ပါသည်။ ကျောင်းအုပ်ချုပ်ရေးမှူးများသည် ဗွီဒီယိုများကို သတိထားမိသော်လည်း အာရှ-အမေရိကန်ကျောင်းသားများကို ကျောင်းတွင် နောက်ထပ်နှောင့်ယှက်မှုများမှ ကာကွယ်ရန် မည်သည့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် အရေးယူမှုကိုမျှလုပ်ရန် ငြင်းဆန်သည်။

အထက်တန်းကျောင်းသားများသည် အဝေးသင် စာသင်ခန်း၏ စကားပြောခန်းများ၌ အာရှ-အမေရိကန်အတန်းဖော်တစ်ဦးက “တရုတ်ဗိုင်းရပ်စ်” ကို အသိုင်းအဝန်းထဲသို့ သယ်ဆောင်လာလို့ စာသင်နှစ်တစ်နှစ်လုံး ပျက်စီးသွားရသည်ဟု အမည်မဖော်ဘဲ ပြောဆိုကြသည်။ ဆရာသည် စကားပြောခန်းကို တွေ့သော်လည်း မှတ်ချက်များကို ကိုင်တွယ်ခြင်း သို့မဟုတ် အမည်မဖော်လိုသော ပို့စ်များကို ကန့်သတ်ခြင်းများ မလုပ်ပါ။ အာရှ-အမေရိကန်ကျောင်းသူက သူမ၏ ဗီဒီယိုအား အခြားကျောင်းသားများ မတွေ့နိုင်ရန် ပိတ်ထားသော်လည်း စကားပြောခန်းများ၌ ဆက်ပြောနေကြသည်။

လူကိုယ်တိုင်သင်ယူခြင်း ပြန်စရန် ပြင်ဆင်သည့်အခါ မူလတန်းကျောင်းမှ ကျောင်းအုပ်ကြီးက အာရှ-အမေရိကန် ကျောင်းသားများ၏ မိဘများအား တရုတ်နိုင်ငံသို့သွားရောက်ခြင်း၊ မိသားစုနှင့် အာရှဆက်နွယ်ခြင်းများအား မေးမြန်းခြင်းနှင့် ကလေးအား ကျောင်းမအပ်မီ COVID-19 မရှိသော စစ်ဆေးချက်ကို သက်သေပြရန် တောင်းဆိုသည်။ ခရိုင်မှ ဤအချက်အလက်များကို အာရှမျိုးရိုးမဟုတ်သူ ကျောင်းသားများထံမှ တောင်းခံခြင်းမရှိပါ။

အလယ်တန်းကျောင်းတစ်ကျောင်း၏ ထမင်းစားဆောင်တွင် အာရှ-အမေရိကန် ကျောင်းသားများ အနီးအနား၌ ရှိနေချိန်တွင် မျက်နှာဖုံးနှစ်ထပ် တတ်ဆင်ရန် ကျောင်းသားများက မှတ်ချက်ပေးသည်။ မိခင်ဘာသာစကားဖြင့် တစ်ဦးနှင့်တစ်ဦး စကားပြောသော အာရှ-အမေရိကန်ကျောင်းသားများကိုလည်း သူတို့က နေ့လည်စာ စောင့်ကြည့်သူ လူကြီးမှုရှိနေချိန်တွင် လှောင်ပြောင်သည်။ ပြဿနာကိုရှောင်နိုင်ရန် အာရှ-အမေရိကန်ကျောင်းသားများသည် အခြား နေ့လည်စာစားပွဲသို့ ပြောင်းထိုင်ကြသည်။

ကောလိပ်အိမ်ရာစီမံခန့်ခွဲရေးမှူးက အာရှ-အမေရိကန် ကျောင်းသားတစ်ဦးအား ကောလိပ်၏ အဆောင်များထက် ကျောင်းပြင်ပအိမ်ယာကိုသာ စဉ်းစားရန်ပြောပြီး အခြားကျောင်းသားများအားလုံး ကာကွယ်ဆေးမထိုးမီ အာရှ-အမေရိကန်ကျောင်းသားနှင့်အတူ အဆောင်အခန်းတွင် နေထိုင်ရန် အဆင်မပြေနိုင်ဟု ရှင်းပြသည်။

အမေရိကန်ပြည်ထောင်စု တရားရေးဌာန
နိုင်ငံသားအခွင့်အရေးဌာန

အမေရိကန်ပြည်ထောင်စု ပညာရေးဌာန
နိုင်ငံသားအခွင့်အရေးရုံး

# ကျောင်းသားတစ်ဦးသည် ကျောင်းတွင် ခွဲခြားဆက်ဆံခြင်းခံရလျှင် မည်သို့ လုပ်ဆောင်ရမည်နည်း။

ကျောင်းသားတစ်ဦးသည် လူမျိုး၊ နိုင်ငံသားဇာစ်မြစ်ကြောင့် မတရားပြုမူခံရသည့်အခါ—ဥပမာအားဖြင့် မတူညီသော ဆက်ဆံမှု၊ နှောင့်ယှက်စော်ကားခြင်း၊ အနိုင်ကျင့်ခြင်း သို့မဟုတ်လက်တုံ့ပြန်ခြင်းခံရသည်ဟု သင်ယုံကြည်လျှင်၊

1. **ကျောင်း၏ ဦးဆောင်သူတစ်ဦးကို ချက်ချင်းအကြောင်းကြားပါ** (ဥပမာ ကျောင်းအုပ် သို့မဟုတ် ကျောင်းသားရေးရာဝန်ထမ်းများ)။ သင်လိုအပ်သည့်အကူအညီမရလျှင် ကျောင်း၊ ကျောင်းခရိုင်၊ ကောလိပ်သို့မဟုတ် တက္ကသိုလ်သို့ တရားဝင်တိုင်ကြားချက်ကို တင်ပါ။ သင်ရရှိသော ပြန်ကြားမှုမှတ်တမ်းကို သိမ်းဆည်းထားပါ။

2. **မည်သည့်နေရာနှင့် အချိန်တွင် မည်သူပါဝင်ပတ်သက်သည်နှင့် မျက်မြင်သက်သေများ၏ အမည်များနှင့်တကွ မည်သို့ဖြစ်သည်ကို အသေးစိတ်ရေးသားပါ။** ခွဲခြားဆက်ဆံမှုခံရသည့်ခါတိုင်း ဤအတိုင်းလုပ်ပြီး သက်ဆိုင်ရာစာရွက်စာတမ်းများ သို့မဟုတ် အခြားအချက်အလက်မိတ္တူများကို သိမ်းထားပါ။

3. ကျောင်းသို့မဟုတ် ကောလိပ်/တက္ကသိုလ်မှ ယင်းစာရွက်စာတမ်းများ (တိုင်ကြားမှုပုံစံကဲ့သို့) နှင့် မက်ဆေ့ချ်စာများကို သင်နားလည်သော ဘာသာစကားသို့ ဘာသာပြန်ရန်ပြောပါ။ အကယ်၍ ကျောင်းဝန်ထမ်းများနှင့် စကားပြောသည့်အခါ အင်္ဂလိပ်စကားမဟုတ်သည့် အခြားဘာသာစကား **အကူအညီလိုအပ်ပါက စကားပြန်တစ်ဦးကို တောင်းဆိုပါ။**

4. အကယ်၍ ကျောင်းသို့မဟုတ်ကောလိပ်/ တက္ကသိုလ်မှ သင်၏တိုင်ကြားချက်ကို မဖြေရှင်းပါက သို့မဟုတ် ခွဲခြားဆက်ဆံမှုများ ဆက်လက်ရှိနေပါက **တိုင်ကြားချက်ကို** အမေရိကန်တရားရေးဌာန၏ Civil Rights Division ရှိ **civilrights.justice.gov** သို့ဖြစ်စေ၊ အမေရိကန်ပညာရေးဌာနရှိ နိုင်ငံသားအခွင့်အရေးရုံး **https://www2.ed.gov/ocr/complaintintro.html** (တိုင်ကြားချက်ကို အင်္ဂလိပ်ဘာသာဖြင့်တင်သွင်းရန်) သို့မဟုတ် **https://www2.ed.gov/about/offices/list/ocr/docs/howto.html** (တိုင်ကြားချက်ကို အင်္ဂလိပ်မဟုတ်သော ဘာသာဖြင့်တင်ရန်) သို့ တိုင်ကြားပါ။

*"မည်သူမည်ဝါဖြစ်ပါစေ၊ မည်သို့ပင်ကိုးကွယ်ပါစေ၊ မည်သည့်နေရာမှလာပါစေ၊ သို့မဟုတ် မည်သူ့ကိုချစ်ပါစေ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သူတစ်ယောက်သည် အနိုင်ကျင့်ခံရမည်ကို ကြောက်ပြီး မနေသင့်ပါ။ မတူကွဲပြားမှုသည် ကျွန်ုပ်တို့တစ်နိုင်ငံလုံးအနေဖြင့် အဓိကကျပြီး အခြားသူများ၏ နိုင်ငံသားအခွင့်အရေးကို ချိုးဖောက်သူတိုင်းအား တာဝန်ယူစေရန် တရားရေးဌာနသည် ကတိကဝတ်ပြုထားသည်။"*

**–Pamela Karlan**၊ လက်ထောက်ရှေ့နေချုပ်၊ တရားရေးဌာန

*"အမေရိကမှာ လူမျိုးရေးခွဲခြားမှုနဲ့ လူမျိုးရေးမုန်းတီးမှုတွေအတွက် နေရာမရှိဘူး။ မတူကွဲပြားခြင်းဟာ ကျွန်ုပ်တို့နိုင်ငံရဲ့ ကြီးမားတဲ့ အင်အားတစ်ခုဖြစ်ပါတယ်။ ခွဲခြားဆက်ဆံခြင်းကို တိုက်ဖျက်ရန်နှင့် ကျွန်ုပ်တို့ နိုင်ငံ၏ ကျောင်းသားများ အတွက် ပိုမိုမျှတတဲ့အနာဂတ်ဆီကို ဦးတည်သွားရန် ပညာရေးဌာန နိုင်ငံသားအခွင့်အရေးရုံးက ကတိပြုပါတယ်။*

**–Suzanne B. Goldberg**၊ နိုင်ငံသားအခွင့်အရေးဆိုင်ရာ ခေတ္တလက်ထောက်အတွင်းရေးမှူး၊ ပညာရေးဌာန

